**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ (၁၃-၇-၂၀၂၆)**

**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဒေါ်နန်းတင်ဦး၊ ကျေးသီးမဲဆန္ဒနယ်က** လူငယ်အများအပြား ပြည်ပထွက်ခွာမှု လျှော့ချနိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် ရှိပါကမည်သို့ ဆောင်ရွက်ထားကြောင်း မေးမြန်းပါသည်။ | **အလုပ်သမားဝန်ကြီးဌာနက** စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များတွင် အခြေခံအဆောက်အဦများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပြီး ရင်းနှီးမြှုပ်နှံမှုအသစ်များဖိတ်ခေါ်၍ အလုပ်အကိုင်အခွင့်အလမ်းအသစ်များရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ပမှ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လာစေရန် နိုင်ငံတကာစီးပွားရေး ဖိုရမ်များတွင် နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ဆွေးနွေးပြီး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးစိုးဝင်း၊ မိုးညှင်းမဲဆန္ဒနယ်က** ကချင်ပြည်နယ်၊ မိုးညှင်းမြို့ရှိ GTI အဆင့်ရှိကျောင်းအား GTC အဆင့်သို့ ပြန်လည်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက** နှစ်စဉ်ကျောင်းသားအရေအတွက် ပိုမိုများပြားစွာ တက်ရောက်နိုင်သည့် အခွင့်အရေးရှိသည့်အပြင် အဆင့်မီပါက B.Techနှင့် B.E သင်တန်းများသို့ ဆက်လက်တက်ရောက်နိုင်သည့် အခွင့်အလမ်းရှိပါသဖြင့် GTC အဆင့်သို့မြှင့်တင်ပေးရန် အစီအစဉ်မရှိ သေးပါကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်က** မြန်အောင်မြို့နယ်၊ ကနောင်မြို့တွင် အစိုးရနည်းပညာကောလိပ်/ သိပ္ပံ (GTC/ GTI) တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက** ဧရာဝတီတိုင်းဒေသကြီးအတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တက္ကသိုလ်နှင့်ကျောင်း (၁၇) ခုကို ဖြန့်ကျက်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် ကနောင်မြို့တွင် အစိုးရနည်းပညာ ကောလိပ်/ သိပ္ပံကျောင်းကို ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးစောဟေသားကြီး၊ သံတောင်ကြီးမဲဆန္ဒနယ်က** သံတောင်မြို့သစ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်မှု ရှိ၊ မရှိ ရှိပါက မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် မရှိပါက အဘယ်ကြောင့် မဖွင့်နိုင်ကြောင်းကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** ၂၀၂၂ ခုနှစ်မှစ၍ ရပ်ဆိုင်းထားခဲ့သည့် အဆိုပါဆေးရုံအား နယ်မြေအခြေအနေ တိုးတက်လာသော်လည်း ဆေးရုံဝင်းအတွင်း စနစ်တကျရှင်းလင်းရန်၊ အဆောက်အဦပြုပြင်ရန်နှင့် ဆေးရုံသုံးပစ္စည်းများ စိစစ်ဖြည့်တင်းရန် လိုအပ်ခြင်းတို့ကြောင့် လတ်တလော ပြန်လည်ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်က** ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် သတ်မှတ်ဝန်ထမ်းများ ပြည့်မီစွာခန့်ထားပေးရန်နှင့် မြွေဆေးနှင့် ခွေးရူးပြန်ကာကွယ်ဆေးအပါအဝင် ဆေးဝါးများဖြန့်ဝေထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာနက** တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ရန် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် အခြေခံဆေးဝါး၊ မြွေဆိပ်ဖြေဆေး၊ ခွေးရူးပြန်ကာကွယ်ဆေးနှင့် ကလေး ကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများသို့ အအေးလမ်းကြောင်းမပြတ် ပို့ဆောင်ရေး၊ သိုလှောင်ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်က** စစ်ကိုင်းမြို့တွင် နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် ကျောက်မျက်ဈေးတစ်ခု တရားဝင် ပြည်လည်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက** စစ်ကိုင်းမြို့သည် မန္တလေးမြို့ရှိ ကျောက်မျက်အချောထည်ဈေးနှင့်မဝေးခြင်း၊ လွယ်ကူစွာသွားလာ၍ရခြင်းတို့ကြောင့် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် ညှိနှိုင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၇။ | **ဒေါက်တာနေလင်း၊ မော်ဘီ မဲဆန္ဒနယ်က** ဝါးသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထုတ်ယူဆောင်ရွက်နေမှုတို့တွင် နိုင်ငံခြားဈေးကွက်နှင့် နိုင်ငံခြားငွေရရှိမှုများ သိလိုခြင်းနှင့် MSME စီးပွားရေး လုပ်ငန်းများ နိုင်ငံခြား ဈေးကွက်ရရှိရန် ဝန်ကြီးဌာနများမှ ဈေးကွက်ရှာဖွေပေးမှုနှင့် ပူးပေါင်းကူညီ ဆောင်ရွက်နေမှု အခြေအနေတို့ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက** ဝါးအခြေပြု တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အသိပညာပေး၊ နည်းပညာပေး ဆွေးနွေးပွဲ၊ ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက် အလားအလာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဝါးဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများကိုနမူနာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်ပဈေးကွက် ချိတ်ဆက်ရရှိရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးထွန်းထွန်းမိုး၊ ရေတာရှည်မဲဆန္ဒနယ်က** နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူသည့်အခါ နေထိုင်နိုင်ရေးအဆင်ပြေစေရန် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မြေကွက်များဖော်ထုတ်ချထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** နေထိုင်ရန်အခက်အခဲရှိပြီး မြေကွက်မရရှိသေးသည့် လုပ်သက်ရှည် ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိထားသူများ၊ အငြိမ်းစားယူရန် နီးကပ်နေသည့်ဝန်ထမ်းများ၊ အခြေခံလစာနည်းပါးသော်လည်း တာဝန်ကျေပွန်စွာထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးခင်မောင်ချင်း၊ မြဝတီမဲဆန္ဒနယ်က** အခွန်လွတ်ဈေးများ ဖွင့်လှစ်ရန်နှင့် ဒေသထွက်ကုန်များ သယ်ယူရာတွင် ငွေကြေးကောက်ခံ သည့်နေရာများ လျော့နည်းအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီက** တိုင်းဒေသကြီး၊ ပြည်နယ်အများစုရှိ မြို့နယ်များတွင် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေးမြူသူများအတွက် အခွန်လွတ်ဈေးများကို မြေနေရာနှင့် ရက်သတ်မှတ်၍ ခွင့်ပြုပေးထားပြီး စားသုံးသူပြည်သူများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပါကြောင်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်သည့် လမ်းခရီးတစ်လျှောက်ရှိ ဂိတ်များတွင် ငွေကြေး(လုံးဝ)ကောက်ခံခြင်းမရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၁၀။ | **ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်က** မြင်းခြံ- မြစ်သားလမ်းနှင့် ဆက်သွယ်ထားသော ခရိုင်ပတ်လမ်း(၂) နွားလျှာရိုးကျေးရွာအထိအား ကွန်ကရစ်လမ်း (သို့) ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** မြေသားလမ်း ၁ မိုင် ၄ ဖာလုံ မြေသားလမ်းချဲ့ခြင်းနှင့် မြေနီ ခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁။ | **ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်က** တိုက်ကြီးကြာအင်းလမ်းနှင့် တော်လတီ၊ ကလေ့သော့၊ စံကင်းလမ်း (၂)လမ်းအား ဆက်သွယ်ပေးမည့် လှိုင်မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** သိသာထင်ရှားသော အကျိုးရလဒ် နည်းပါးခြင်းနှင့် ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများ မရှိနိုင်ပါသဖြင့် လတ်တလော တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၂။ | **ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်က** စဉ့်ကိုင်မြို့နယ် စော်ရဲ- ဝန်ပတော့(တောင်)-ဝန်ပတော့(မြောက်) တာဘောင်ပေါ်၌ မြေကျောက်ခင်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိ သိလိုကြောင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၃။ | **ဦးလှခိုင်၊ ဇလွန်မဲဆန္ဒနယ်က** ဇလွန်မြို့နယ် ကော့ကပ်ကြီးကျေးရွာနှင့် ကော့ကပ်ကလေးကျေးရွာ ချောင်းကူး ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန်နှင့် တည်ဆောက်မပေးမီကာလအတွင်း တံတားဟောင်းအား ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန် ပျက်စီးနေသည့် Wing Wall ၊ မြေကာနံရံနှင့် ချဉ်းကပ်လမ်းတို့ကို ယခုဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၁၄။ | **ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်က** သီပေါမြို့နယ်ရှိ အခြေခံ ပညာကျောင်းများအား လာမည့်ပညာသင်နှစ်တွင် ပိုမိုဖွင့်လှစ်နိုင်ရန်နှင့် လုံလောက်သော ဆရာ/ဆရာမအင်အား ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** အခြေခံပညာကျောင်း ၂၁၃ ခုအနက် ၄၅ ကျောင်း ကို ယခုပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး နယ်မြေခံတပ်များ၏ လုံခြုံရေး ထောက်ခံချက်နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက် ရရှိပါက ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၅။ | **ဒေါ်ခင်စောမူ၊ ကန်ကြီးထောင့်မဲဆန္ဒနယ်က** ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ်(၂၁)မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်အသစ်များ တစ်ဝက်သာပြီးစီးပြီး ပြန်လည်အပ်နှံခဲ့သော လုပ်ငန်း (၇၂)ခုအား အပြီးသတ်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** အကြောင်းအမျိုးမျိုးကြောင့် မပြီးပြတ်သေးသည့် တည်ဆောက်ရေးလုပ်ငန်း ၇၂ ခုအား စီမံကိန်းတန်ဖိုး ပြောင်းလဲဆောင်ရွက် ခွင့် ရရှိရန် အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ခွင့်ရရှိပါက ကျောင်းဆောင်များ အပြီးသတ်ပြီးစီးရေး နီးစပ်ရာ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |